Contact Number: +66636870154, Email: Karenni-IEC2023@protonmail.com
Head Office of the Interim Executive Council of Karenni State

## ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ

**ထုတ်ပြန်ချက်အမှတ် (၁/၂၀၂၅)**
**၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ၊ (၃၁) ရက်**

# ၂၀၂၄ ခုနှစ် ကရင်နီပြည်အတွင်း အကြမ်းဖက်စစ်တပ်မှ ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ အချက်အလက်အနှစ်ချုပ်

## အနှစ်ချုပ်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်တွင် တရားမဝင်အာဏာသိမ်းမှုစတင်ခဲ့သည့်အချိန်မှစ၍ အကြမ်းဖက်စစ်တပ်သည် ကရင်နီပြည် အပါအဝင် နိုင်ငံတစ်ဝှမ်းလုံးတွင် လူ့အခွင့်အရေးချိုးဖောက်မှုများစွာတို့ကို ကျူးလွန်ခဲ့၊ ကျူးလွန်လျက်ရှိသည်။ ၂၀၂၄ ခုနှစ်အတွင်းတွင် အကြမ်းဖက်စစ်တပ်သည် ကရင်နီပြည်နယ်တစ်ဝှမ်း၌ လူ့အခွင့်အရေးချိုးဖောက်သည့်ဖြစ်စဥ် အနည်းဆုံး (၁၀၈) ခုကို ကျူးလွန်ခဲ့ သည်။ ဤကျူးလွန်မှုများသည် ရည်ရွယ်ချက်ရှိရှိ စနစ်တကျကျူးလွန်မှုများဖြစ်ပြီး အရပ်သားပြည်သူ များအား ပစ်မှတ်ထားတိုက်ခိုက်မှုများကြောင့် အမျိုးသမီး၊ ကလေး၊ ကိုယ်ဝန်ဆောင်မိခင်နှင့် သက်ကြီး ရွယ်အိုများစွာတို့ကို စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ သက်ရောက်မှု ပြင်းထန်စေခဲ့သည်။ အဆိုပါ လူ့အခွင့်အရေး ချိုးဖောက်မှုများတွင် စစ်မြေပြင်နှင့် ဝေးကွာသော အများပြည်သူနေထိုင်ရာနေရာများတွင် လေကြောင်း တိုက်ခိုက်မှုများဖြင့် ကျူးလွန်ခြင်းအပြင် လက်နက်ကြီးများ၊ Drop ဗုံးများဖြင့် ပစ်ခတ်ခြင်းတို့ကြောင့် ပြည်သူများသည် မိမိကိုယ်ကိုကာကွယ်ခွင့်ကို ဆုံးရှုံးစေခဲ့သည့်အပြင် ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း တို့ကြောင့် နေ့စဥ်နှင့်အမျှ အသက်အန္တရာယ်နှင့်ရင်ဆိုင်နေကြရပါသည်။

ဤအစီရင်ခံစာကို ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ (IEC) နှင့် ကရင်နီလူ့အခွင့် အရေးအဖွဲ့ (KnHRG) တို့မှ စောင့်ကြည့်လေ့လာမှတ်တမ်းတင်ထားသော အချက်အလက်များအပေါ် အခြေခံလျက် ပူးပေါင်းကာပြုစုရေးသားထားခြင်းဖြစ်ပါသည်။

## ၂၀၂၄ ခုနှစ်အတွင်း အကြမ်းဖက်စစ်တပ်မှ ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများ

လေကြောင်းတိုက်ခိုက်သည့်ဖြစ်စဥ်

**၂၅+ ခု**

DROP ဗုံးကြဲသည့်ဖြစ်စဥ်

**၁၁+ ခု**

### ဒေါ်ဆီးအီနှင့် လွိုင်နန်းဖစာသင်ကျောင်းကို လေကြောင်းတိုက်ခိုက်ခြင်း

၂၀၂၄ခုနှစ်၊ဖေဖော်ဝါရီလ(၅)ရက်တွင်လွိုင်နန်းဖ မြို့နယ်ရှိဒေါ်ဆီးအီနှင့် လွိုင်နန်းဖကျေးရွာ စာသင်ကျောင်း များအား အကြမ်းဖက်စစ်တပ်မှ လေကြောင်းတိုက်ခိုက်မှု ကျူးလွန်ခဲ့သည်။ ဒေါ်ဆီးအီကျေးရွာ စာသင်ကျောင်းအား MIG-29FighterJetဖြင့် ပေါင် (၅၀၀) ဗုံးကြဲခဲ့ရာ ကျောင်းသား (၄) ဦးသေဆုံးကာ KG ကလေးငယ်များအပါအဝင် ကျောင်း သား (၂၃) ဦးထိခိုက်ဒဏ်ရာရပြီး ဆရာ၊ ဆရာမ (၄) ဦး နှင့် ရွာခံအရပ်သား(၁)ဦး ဒဏ်ရာရခဲ့သည်။ စာသင်ကျောင်း ဆောင် (၂) ဆောင်၊ ဆရာ၊ ဆရာမနေအိမ် (၂) လုံး၊ ဘုရား ကျောင်း (၁) လုံးနှင့်လူနေအိမ် (၈) လုံးပျက်စီးခဲ့ရ သည်။




ထိုနေ့တွင်ပင်လွိုင်နန်းဖကျေးရွာစာသင်ကျောင်း အား MIG 29 Fighter Jet ဖြင့်ပင် ပေါင် (၅၀၀) ဗုံး (၁) ကြိမ်နှင့် ပေါင် (၁၀၀) ဗုံးများကြဲခဲ့ပြီး (၁၂၀) မမဖြင့် (၆) ကြိမ်ပစ်ခတ်ရာ စစ်ဘေးရှောင်ပြည်သူ (၁) ဦးသေဆုံးခဲ့ပြီး ပြည်သူ(၂)ဦး၊ကျောင်းသူ(၁)ဦးထိခိုက်ဒဏ်ရာရခဲ့သည်။ စာသင်ကျောင်းဆောင် (၃) ဆောင်၊ ဆရာ၊ ဆရာမ နေအိမ် (၂) လုံး၊ ဘုရားကျောင်းဆောင် (၃) ဆောင်၊လူနေအိမ် (၉)လုံး ပျက်စီးခဲ့သည်။

အကြမ်းဖက်စစ်တပ်၏ စာသင်ကျောင်းများအား ပစ်မှတ်ထားတိုက်ခိုက်ခြင်းသည် ကလေးငယ်များ၏ လွတ်လပ်စွာ ပညာသင်ကြားခွင့်ကို ဆုံးရှုံးစေသည့်အပြင် ကလေးငယ်များ၏ လွတ်လပ်စွာ အသက်ရှင်သန်ကြီးထွား ခွင့်များကို ချိုးဖောက်လျက်ရှိသည်။



**"ထိပြီးနောက်ပိုင်းကလေးက ထမင်းတောင်မစားတော့ဘူး။ တစ်ရက်၊ နှစ်ရက်မှ ထမင်းပြန်စားလာတာ။ ဖြစ်စကဆို သူစကားတောင်မပြောဘူး။ မျက်လုံးအပြူးလိုက်ပဲကြည့်တယ်။ စိတ်ကြောက်သွားတာ ထင်တယ်။ အခုလက်နက်ကြီးသံကြားရင် သူပုန်းတယ်။ သူ့အစ်မတယောက်ဆို အပြင်တောင် မထွက်တော့ဘူးပေါ့။"**

*ဒေါ်ဆီးအီစာသင်ကျောင်းကို လေကြောင်းတိုက်ခိုက်စဥ်က ဒဏ်ရာရခဲ့သည့် မူကြိုကလေးငယ် တစ်ဦးနှင့် တတိယတန်းကလေးငယ်တစ်ဦး၏ မိခင်*







## ဆိုမို/ဖေစိုးလေး (ရှားတော) တွင် ပြည်သူများအား လမ်းပြအဖြစ်ခေါ်ဆောင်ကာ သတ်ဖြတ်ခြင်း

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၅) ရက်တွင် မိုင်းပျဉ်းအခြေစိုက် ခ.မ.၇ (၂၄၉) မှ အင်အား (၆၀) ဖြင့် စစ်ကူလာစဉ် ဒေသခံ (၇) ဦးကို လမ်းပြအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး နောက်သတ်ဖြတ်ခဲ့သည်။ ဖမ်းဆီးသတ်ဖြတ်ခံရသူများထဲတွင် ကိုယ်ဝန်ဆောင်အမျိုးသမီး (၁) ဦး၊ မသန်စွမ်းအမျိုးသမီး (၂) ဦး၊ အသက် (၃) နှစ်နှင့် (၅) နှစ်အရွယ် ယောကျ်ားလေး (၂) ဦး၊ (၇) နှစ်အရွယ် မိန်းကလေးတစ်ဦးနှင့် အမျိုးသားတစ်ဦးတို့ပါဝင်သည်။
ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးပါဝင်သဖြင့် အသတ်ခံရသူ စုစုပေါင်း (၈) ဦးဖြစ်သည်။





*Photos credited to the original owner*

*လူ့အခွင့်အရေးချိုးဖောက်ခံရသည့် ဖြစ်စဉ်များသည် ဖယ်ခုံမြို့နယ်တွင် (၄၈) ခုအထိ ဖြစ်ပွားခဲ့ပြီး အရေအတွက်အများဆုံးဖြစ်ခဲ့ရသည့် မြို့နယ်ဖြစ်သည်။ လွိုင်နန်းဖ၊ နန်းမယ်ခုံ၊ ဒီးဘောင်းခူ၊ လွိုင်ကော်၊ ဘောလခဲ၊ လိုပွာခိုခရိုင် (ဖားဆောင်း)၊ ဆိုမို/ဖေစိုးလေး (ရှားတော) မြို့နယ်များတွင်လည်း ဖြစ်ပွားခဲ့သည်။*



## ဘန်ကောက်စစ်ရှောင်စခန်းကို လေကြောင်းတိုက်ခိုက်ခြင်း


၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ(၅) ရက်တွင် အကြမ်းဖက်စစ်တပ်မှ ဖယ်ခုံမြို့နယ်၊ ဘန်ကောက် စစ်ရှောင်စခန်းကို ပေါင် (၅၀၀) ဗုံးနှစ်လုံး အသုံးပြုကာ လေကြောင်းတိုက်ခဲ့သည်။ ဖြစ်စဉ်တွင် ပြည်သူစုစုပေါင်း (၉) ဦးသေဆုံးခဲ့ပြီး (၁၀) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ သေဆုံးသူ (၉) ဦးအနက် (၆) ဦးသည် မိသားစုဝင်များ ဖြစ်ကြသည်။ သေဆုံးသူ (၉) ဦးထဲတွင် အသက် ၁၈ နှစ်အောက်ကလေးငယ် (၆) ဦးပါဝင်သည်။ ထိခိုက်ဒဏ်ရာရသူ (၁၀) ဦးအနက် တစ်ဦးသည် အသက် (၈၁) နှစ်အရွယ်အဖွားအို တစ်ဦးဖြစ်ပြီး အသက် (၁၈) နှစ်အောက် ကလေးငယ် (၃) ဦး ပါဝင်သည်။



**“လေယာဉ်ကြဲပြီးသွားတာနဲ့ ကြည့်လိုက်တော့ ကျနော့်အမျိုးသမီးက တစ်ခါတည်းပွဲချင်းပြီး ခေါင်းပြတ်သွားပြီပေါ့နော်။ သားကိုတော့ မိန်းမက ပိုးစောင်နဲ့ ပိုးထားတော့မနည်းဖြေထုတ်ရတယ်။ သားကတော့ ဆေးရုံရောက်မှ ဆုံးသွားတယ်။ သမီးခါကျတော့ ညာဘက်ပေါင်မှာထိတယ်။ ကျွန်တော့် ဒူးလည်းထိသွားတယ်။ ကျွန်တော်တို့ ကပ်ရပ်တဲဆိုရင် တဲပေါ်ကျတော့ သူတို့မိသားစု (၆) ယောက်လုံး ကတုတ်ကျင်းထဲမှာ အိပ်နေတယ်လို့ပြောတယ်။ ကျွန်တော်တို့ သိတဲ့အချိန်မှာတော့ အကုန်လုံး ဆုံးသွားပြီပေါ့နော်”**


*လေကြောင်းတိုက်ခိုက်မှုကြောင့် အမျိုးသမီးနှင့် သားငယ်သေဆုံးသွားသည့် ဖခင်တစ်ဦး*

## အရပ်သားပြည်သူသေဆုံးမှု




*သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရမှုများသည် လက်နက်ကြီးပစ်ခတ်ခြင်းနှင့် လေယာဉ်ဗုံးကြဲခြင်းများကြောင့် အများဆုံးဖြစ်ပြီး ဒရုန်းဗုံးကြဲခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ သေနတ်ရမ်းသမ်းပစ်ခတ်ခြင်း၊ မိုင်းနင်းမိခြင်းများကြောင့် သေဆုံး၊ ထိခိုက်ခြင်းများလည်း ရှိသည်။*

## အရပ်သားပြည်သူထိခိုက်ဒဏ်ရာရမှု




*၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁၁) ရက်တွင် ဖယ်ခုံမြို့နယ်၊ ပူချယ်ကျေးရွာမှ ကောက်ရိတ်သိမ်းပြီး ပြန်လာသူ အရပ်သား (၂၀၀) ဦးကို စစ်ကောင်စီတပ်သားများမှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ထို့အပြင် ၂၀၂၄ ခုနှစ်၊ မေလ၊ (၁၂) ရက်တွင် လွိုင်လင်လေးကျေးရွာမှ အရပ်သား (၃၈) ဦးကို လူသားဒိုင်းအဖြစ် အသုံးပြုကာ ဖမ်းခေါ်သွားခဲ့သည်။ လမ်းခရီးတွင် သွားလာရင်း ပျောက်ဆုံးသွားကြသူများလည်းရှိသည်။ ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရသူများ၏ နောက်ဆက်တွဲ အခြေအနေ အသေးစိတ်ကို မသိရသေးပေ။*

အထက်ဖော်ပြပါ အချက်အလက်များသည် ၂၀၂၄ ခုနှစ် တစ်နှစ်တာအတွင်း အကြမ်းဖက်စစ်တပ်မှ ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှု အနှစ်ချုပ်အချက်အလက်များသာဖြစ်ပြီး အကြမ်းဖက်စစ်တပ်သည် အရပ်သားပြည်သူများအား ပစ်မှတ်ထားတိုက်ခိုက်မှုများကို ရည်ရွယ်ချက်ရှိရှိ နှစ်စဉ်ကျူးလွန်လျက် ရှိနေပါသည်။ ထိုကဲ့သို့သော ရက်စက်ကြမ်းကြုတ်သည့် လုပ်ရပ်များကို တားမြစ်နိုင်ရန် ကရင်နီပြည်အတွင်းရှိ အင်အားစုအသီးသီးဖြင့် ကြားကာလအုပ်ချုပ်ရေးကောင်စီမှ ပူးပေါင်းဆောင်ရွက်လျက်ရှိနေသော်လည်း အကြမ်းဖက်စစ်တပ်၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ ကျူးလွန်မှုများအား အလုံးစုံရပ်တန့်နိုင်ရန်အတွက် နိုင်ငံတကာအင်အားစုများသို့ အောက်ဖော်ပြပါ အချက်များအတိုင်း တိုက်တွန်းနှိုးဆော်လိုက်သည်။

**နိုင်ငံတကာသို့ တောင်းဆိုချက်နှင့် အကြံပြုချက်များ**

- ❖ အကြမ်းဖက်စစ်တပ်အား လေယာဉ်ဆီ ရောင်းချတင်ပို့မှုကို ချက်ချင်းရပ်တန့်ရန်၊
- ❖ အပြစ်မဲ့ပြည်သူများနှင့် အများပြည်သူပိုင်အဆောက်အဦးများဖြစ်သည့် စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်းများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦးများအား ပစ်ခတ်ဖျက်ဆီးခြင်းကို ရပ်တန့်ရေးအတွက် နိုင်ငံတကာအင်အားစုများမှ အကြမ်းဖက်စစ်တပ်အား ဖိအားပေးရန်၊
- ❖ အကြမ်းဖက်စစ်တပ်ထံသို့ စစ်လက်နက်များ၊ စစ်လက်နက်အစိတ်အပိုင်းပစ္စည်းများ၊ နည်းပညာအကူအညီများ ပံ့ပိုးနေခြင်းကို ရပ်တန့်ရန်၊
- ❖ အကြမ်းဖက်စစ်တပ်က ကိုယ်စားလှယ်များအား မည်သည့်နိုင်ငံတကာ အစည်းအဝေး၊ အခင်းအကျင်းများမှ ဖိတ်ကြားခြင်းမပြုရန်၊
- ❖ သက်ဆိုင်ရာ အဖွဲ့အစည်းများအကြား နိုင်ငံရေးသဘောတူညီချက်မရှိဘဲ စစ်တပ်ရေးဆွဲထားသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ စစ်တပ်သက်ဆိုးရှည်ရေးအတွက် ကျင်းပရန် လျာထားသည့် ရွေးကောက်ပွဲ၏ ရလဒ်ကို နိုင်ငံတကာမှ လုံးဝအသိအမှတ်မပြုကြရန်၊
- ❖ နိုင်ငံတကာ နယ်နိမိတ်ဖြတ်ကျော်ဖြစ်ပွားနေသည့် မူးယစ်ဆေးဝါးရောင်းဝယ်ခြင်း၊ လူကုန်ကူးမှုများနှင့် အွန်လိုင်းကျားဖြန့်ငွေလိမ်လည်မှုလုပ်ငန်းများသည် အကြမ်းဖက်စစ်တပ်အပြင် ၎င်းတို့၏ အပေါင်းအပါများနှင့် တိုက်ရိုက်ပတ်သက်ဆက်နွှယ်နေသောကြောင့် အတူတကွပူးပေါင်းတားဆီးတိုက်ဖျက်သွားကြရန်၊
- ❖ လူသားချင်းစာနာထောက်ထားရေး အကူအညီများနှင့် ပြန်လည်ထူထောင်ရေးအစီအမံများ ပိုမိုအားကောင်းစေရေးအတွက် ပံ့ပိုးကူညီမှုများ ဆက်လက်လုပ်ဆောင်သွားရန်၊

ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ